THE WORLD BANK
IBRD • IDA | WORLD BANK GROUP

**NEWS RELEASE**

# မြန်မာနိုင်ငံ၏ စီးပွားရေးမှာ တည်ငြိမ်လာနေပြီဆိုသည့် လက္ခဏာပြသော်လည်း လောင်စာဆီ ဈေးနှုန်းအရှိန်မြင့်တက်မှုကြောင့် ဖိအားများ ပိုမိုတိုးပွားလာနေ

*စီးပွားရေး တိုးတက်မှု အလားအလာသည် အားနည်းနေဆဲဖြစ်ပြီး ၂၀၂၆/၂၇ ဘဏ္ဍာနှစ်တွင် တိုးတက်မှုကို ၂ ရာခိုင်နှုန်းသာ ခန့်မှန်းထားသည်။*

**ရန်ကုန်၊ ၂၀၂၆ ဇွန် ၁၆** — ကမ္ဘာ့ဘဏ်မှ ယနေ့ ထုတ်ပြန်သည့် မြန်မာ စီးပွားရေး လေ့လာစောင့်ကြည့်မှု (Myanmar Economic Monitor) အရ ကမ္ဘာ့အရှေ့အလယ်ပိုင်းတွင် ဖြစ်ပွားနေသည့် ပဋိပက္ခမတိုင်မီ မြန်မာနိုင်ငံ၏ စီးပွားရေးသည် တည်ငြိမ်လာသည့် လက္ခဏာများ အချို့တွေ့ရှိရသော်လည်း စီးပွားရေး လုပ်ငန်းများသည် ဆက်လက် အားနည်းနေပြီး ဖိအားများအောက်တွင် ရှိနေဆဲ ဖြစ်သည်ဟု သိရှိရသည်။

၂၀၂၅ ခုနှစ် အကုန်ပိုင်း နှင့် ၂၀၂၆ ခုနှစ် အစပိုင်းတွင် စီးပွားရေး လုပ်ငန်းများသည် အနည်းငယ် တိုးတက်လာခဲ့ပြီး ၂၀၂၅ ခုနှစ် မတ်လ မြေငလျင်နောက်ပိုင်း အခြေအနေအချို့ ပြန်လည်တည်ငြိမ်လာခြင်း၊ လျှပ်စစ်ဓာတ်အား အခက်အခဲများ အနည်းငယ် ပြေလျော့လာခြင်းနှင့် ကုန်ထုတ်လုပ်ရေး၊ ဆောက်လုပ်ရေးနှင့် ဝန်ဆောင်မှုကဏ္ဍများ၏ အခက်အခဲများ အပေါ် ခံနိုင်စွမ်းရှိမှုတို့ကြောင့် ဖြစ်သည်။ သို့သော် ထုတ်လုပ်မှု၊ ရောင်းအားနှင့် အမြတ် အစွန်းများသည် ၂၀၂၁ ခုနှစ်မတိုင်မီနှင့် မြေငလျင်မတိုင်မီ အဆင့်များထက် များစွာ နည်းပါး နေဆဲဖြစ်ပြီး လျှပ်စစ် ဓာတ်အားပေးဝေမှု ပြဿနာများ၊ လိုအပ်မှုနည်းပါးမှုနှင့် မူဝါဒပိုင်း ကန့်သတ်ချက်များ ဆက်လက် ရှိနေသည်။ ၂၀၂၅/၂၆ ဘဏ္ဍာနှစ် နှစ်ကုန် ပိုင်းတွင် အနည်းငယ် တိုးတက်လာခဲ့သော်လည်း ဘဏ္ဍာနှစ်အဆုံးပိုင်းတွင် အထက်ဖော် ပြပါ အခက်အခဲ/ အကန့်အသတ်ရှိမှုများကြောင့် ၂၀၂၅/၂၆ ဘဏ္ဍာနှစ် အတွက် GDP သည် ၂.၀ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ဟု ခန့်မှန်းထားသည်။

၂၀၂၆ ခုနှစ်အစောပိုင်းတွင် အရှေ့အလယ်ပိုင်း ပဋိပက္ခမှ ဖြစ်ပေါ်လာသည့် လောင်စာဆီ ဈေးကွက် ဖိအားသည် လက်ရှိ စီးပွားရေးဖိအားများကို ပိုမို တိုးပွားစေခဲ့သည်။ လောင်စာဆီဈေးနှုန်း မြင့်တက်ခြင်းကြောင့် ကုန်စည် ကူးသန်း ရောင်းဝယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး စရိတ်များ တက်လာပြီး ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှု စရိတ်များကို မြင့်တင်စေသလို လောင်စာဆီ တင်သွင်းခြင်းအတွက် နိုင်ငံခြားငွေလိုအပ်ချက်ကိုလည်း မြင့်တက်စေခဲ့သည်။ ၂၀၂၅ ခုနှစ် နောက်ဆုံးပိုင်းတွင် ငွေကြေးဖောင်းပွနှုန်း လျော့နည်းလာခဲ့သော်လည်း ၂၀၂၆ ခုနှစ် မတ်လမှ စတင်၍ ပြန်လည်မြင့်တက်လာပြီး ဧပြီလတွင် နှစ်လိုက် ၂၄.၆ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့သည်။ ၎င်းသည် သာမာန် အိမ်ထောင်စုများအတွက် အသက်မွေးဝမ်းကျောင်းရေးကို ပိုမို ခက်ခဲစေပြီး အထူးသဖြင့် အားနည်းသည့် ပြည်သူ များ အပေါ် ထိခိုက်မှု ပိုမိုကြီးမားစေသည်။

“စီးပွားရေးအခြေအနေများ တည်ငြိမ်လာသည့် လက္ခဏာများ အချို့ရှိသော်လည်း မြန်မာ့စီးပွားရေးသည် အလွန် ကြီးမားသော ဖိအားများအောက်တွင် ရှိနေဆဲဖြစ်သည်။ မကြာသေးမီက ဖြစ်ပွားသော အခက်အခဲများသည် စနစ်ဖွဲ့စည်းပုံဆိုင်ရာ အားနည်းချက်များကို ပိုမို ထင်ရှားစေပြီး လုပ်ငန်းပတ်ဝန်းကျင် တိုးတက်ကောင်းမွန်လာမှု



Official Use Only

မရှိလျှင် ပြန်လည်ထူထောင်မှုမှာ မတည်မငြိမ်ဖြစ်နေမည်။” ဟု ထိုင်းနှင့် မြန်မာနိုင်ငံ ကမ္ဘာ့ဘဏ်၏ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး မယ်လင်ဒါဂွတ်ဒ်က ပြောသည်။

စီးပွားရေးအလားအလာသည် ဆက်လက် အားနည်းနေဆဲဖြစ်ပြီး ၂၀၂၆/၂၇ ဘဏ္ဍာနှစ်တွင် တိုးတက်မှုကို ၂ ရာခိုင်နှုန်းသာ ခန့်မှန်းထားပြီး လောင်စာဆီ အခက်အခဲမတိုင်မီ ခန့်မှန်းထားသော ၃ ရာခိုင်နှုန်းမှ လျှော့ချထားသည်။ အစီရင်ခံစာတွင် ဆက်လက် ဖြစ်နိုင်ချေရှိသော ဖိအားများ အပါအဝင် ပဋိပက္ခများ ဆက်လက် ဖြစ်ပွားနေခြင်း၊ ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးတွင် အနှောင့်အယှက်များ ရှိနေခြင်း၊ ပို့ကုန်ဝင်ငွေ လျော့နည်းခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ လောင်စာဆီဈေးနှုန်း မတည်ငြိမ်မှုများကို ထောက်ပြထားသည်။

ယခု အစီရင်ခံစာတွင် ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းကဏ္ဍ အပေါ် သုံးသပ်ချက်ကိုလည်း ထည့်သွင်းထားပြီး မသေချာမရေရာပြီး စိန်ခေါ်မှုများပြည့်နှက်နေသော ပတ်ဝန်းကျင်တွင် လုပ်ကိုင်နေရကြောင်း ဖော်ပြထားသည်။ ကုမ္ပဏီများသည် စရိတ်မြင့်တက်လာခြင်း၊ အုပ်ချုပ်ရေးဆိုင်ရာ အခက်အခဲများနှင့် မူဝါဒများ အကောင်အထည်ဖော်မှုတွင် မညီမျှခြင်းကို ရင်ဆိုင်နေရသည်။ ထို့ကြောင့် ကုမ္ပဏီအများစုသည် တိုးတက်မှုထက် ဆက်လက် ရှင်သန်တည်မြဲရေးကို အဓိက အာရုံစိုက်နေကြပြီး အလုပ်အကိုင် ဖန်တီးမှုနှင့် ဝင်ငွေ ပြန်လည် တိုးတက်လာနိုင်မှုကိုလည်း ထပ်မံ အားနည်းစေသည်။

“မြန်မာနိုင်ငံရှိ စီးပွားရေး လုပ်ငန်းများ ရင်ဆိုင်နေရသည့် အခက်အခဲအများစုသည် စည်းမျဉ်းစည်းကမ်းများ အကောင်အထည်ဖော်မှု  အားနည်းခြင်း နှင့် ဝန်ဆောင်မှု မတည်ငြိမ်မှုတို့ကြောင့် ဖြစ်သည်။ လုပ်ငန်းများ ပိုမို လုပ်ကိုင်နိုင်ရန်အတွက် ခန့်မှန်းရန်လွယ်ကူသော ပတ်ဝန်းကျင် ရှိခြင်းနှင့် ပိုမို ကောင်းမွန်သော ပူးပေါင်း ညှိနှိုင်းမှုများရှိခြင်းများသည် စီးပွားရေး လုပ်ငန်းများကို ထောက်ပံ့ရာနှင့် ယုံကြည်မှု ပြန်လည်တည်ဆောက်ရာတွင်လည်းကောင်း၊ တိုးတက်မှု လမ်းကြောင်းကို ဖွင့်လှစ်ရာတွင် လည်းကောင်း အရေးကြီးသည်။ ” ဟု ကမ္ဘာ့ဘဏ် အထက်တန်း စီးပွားရေးပညာရှင် Kemoh Mansaray က ပြောသည်။

**Contact:** press@worldbank.org; myanmar@worldbank.org
**Website**: https://www.worldbank.org/ext/en/country/myanmar